ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်ကြော်ငြာစာအမှတ် ၈၈ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက် )

## လယ်ယာမြေတွင် ခွင့်ပြုမိန့်မရရှိဘဲ ကျူးလွန်ဆောင်ရွက်မှုအခြေအနေကို ခွင့်ပြုရန် သင့် မသင့် စိစစ်ခွဲခြားရန်အတွက် လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ **“လယ်ယာမြေတွင် ခွင့်ပြုမိန့်မရရှိဘဲ ကျူးလွန်ဆောင်ရွက်မှု အခြေအနေကို ခွင့်ပြုရန် သင့် မသင့် စိစစ်ခွဲခြားရန်အတွက် လုပ်ငန်းကော်မတီ”** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး<br>နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်<br>အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ဦးစီးအရာရှိ (ပထမတန်း) ထက်မနိမ့်သော<br>ကိုယ်စားလှယ်တစ်ဦး<br>သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဂ) | တပ်ဖွဲ့မှူး<br>နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်<br>ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဃ) | ဦးစီးမှူး<br>နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဥပဒေအရာရှိ<br>နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေရုံး | အဖွဲ့ဝင် |
| (စ) | ဦးစီးမှူး<br>နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးစီးမှူး<br>နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်<br>ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |

(ဇ) ဦးစီးမှူး/ တာဝန်ခံအရာရှိ — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်
လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း
ရန်ကုန်/ မန္တလေးလျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးကော်ပိုရေးရှင်း

(ဈ) ဦးစီးမှူး — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်
အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာန

(ည) ဦးစီးမှူး — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်
လမ်းဦးစီးဌာန

(ဋ) ဦးစီးမှူး — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(ဌ) ဌာနမှူး ( မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ) — အဖွဲ့ဝင်
နေပြည်တော်/ ရန်ကုန်/ မန္တလေးစည်ပင်သာယာရေးကော်မတီ

(ဍ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး/ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

(ဎ) အုပ်ချုပ်ရေးမှူး — အတွင်းရေးမှူး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဏ) ဦးစီးမှူး — တွဲဖက်အတွင်းရေးမှူး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန

၂။ လယ်ယာမြေတွင် ခွင့်ပြုမိန့်မရရှိဘဲ ကျူးလွန်ဆောင်ရွက်မှုအခြေအနေကို ခွင့်ပြုရန် သင့် မသင့် စိစစ်ခွဲခြားရန်အတွက် လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လယ်ယာမြေတွင် ခွင့်ပြုမိန့်မရရှိဘဲ ကျူးလွန်ဆောင်ရွက်မှုအခြေအနေကို မြေပြင်ကွင်းဆင်းစိစစ်ခွဲခြားနိုင်ရေးအတွက် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများဖြင့် မြေပြင်ကွင်းဆင်းစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ခ) လယ်ယာမြေတွင် ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းဖြင့် ကျူးလွန်ဖောက်ဖျက်မှု ရှိ မရှိ အား စောင့်ကြည့်စိစစ်တင်ပြနိုင်ရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့ များဖြင့် စောင့်ကြည့်စိစစ်တင်ပြရေးအဖွဲ့ကို ဖွဲ့စည်းပေးခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဂ) မြေပြင်ကွင်းဆင်းစိစစ်ရေးအဖွဲ့များ မြေပြင်စာရင်းကောက်ယူခြင်းနှင့်စပ်လျဉ်း၍ တစ်ပြေးညီဖြစ်စေရန်အတွက် လိုအပ်မည့် စာရင်းကောက်ပုံစံများကို အတည်ပြု ဖြန့်ဝေခြင်း၊

(ဃ) လယ်ယာမြေတွင် ခွင့်ပြုမိန့်မရရှိဘဲ ကျူးလွန်အသုံးပြုခြင်းများကို ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ ပြဋ္ဌာန်းသည့် ၃၀-၈-၂၀၁၂ ရက်နေ့ မတိုင်မီကာလနှင့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ ပြဋ္ဌာန်းပြီးနောက် ၁-၉-၂၀၁၂ ရက်နေ့မှ လုပ်ထုံးလုပ်နည်း ရေးဆွဲရန် အမိန့်ထုတ်ပြန်သည့် ၁၈-၈-၂၀၂၃ ရက်နေ့အထိကာလ ဟု ပိုင်းခြား သတ်မှတ်အတည်ပြုခြင်း၊

(င) မြေပြင်ကွင်းဆင်းစိစစ်ရေးအဖွဲ့မှ စိစစ်တင်ပြလာသည့် ကျူးလွန်အသုံးပြုမှုအမျိုးအစား အလိုက် ညီညွတ်မှန်ကန်မှုရှိသောကိစ္စရပ်များနှင့် ညီညွတ်မှန်ကန်မှုမရှိသောကိစ္စရပ် များကို ခွဲခြားစိစစ်ရာတွင် လုပ်ထုံးလုပ်နည်းများ အပိုဒ် ၅ ပါ စိစစ်ရမည့်အချက် များနှင့်အညီ ခွင့်ပြုရန် သင့် မသင့် စိစစ်သုံးသပ်အတည်ပြုခြင်း၊

(စ) ခွင့်ပြုရန် သင့် မသင့် စိစစ်သုံးသပ်ချက်နှင့်စပ်လျဉ်း၍ လုပ်ငန်းအစီရင်ခံစာကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဆ) မြေပြင်ကွင်းဆင်းစိစစ်မှုများနှင့်စပ်လျဉ်း၍ မူဝါဒပိုင်းဆိုင်ရာ ဆုံးဖြတ်ဆောင်ရွက် ရမည့်ကိစ္စရပ်များရှိပါက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသို့ တင်ပြလမ်းညွှန်မှုခံယူခြင်း၊

(ဇ) မြေပြင်ကွင်းဆင်းစိစစ်ရေးအဖွဲ့များသည် ပေးအပ်ထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့် များကို ကျူးလွန်ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဈ) လယ်ယာမြေအား ခွင့်ပြုမိန့်ရရှိပြီးနောက် လိုအပ်ပါက မြို့/ရွာ/ ရပ်ကွက်နယ်နိမိတ်များ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းရေး သို့မဟုတ် အသစ်ဖွဲ့စည်းရေးဆိုင်ရာကိစ္စများကို ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၅၄ နှင့်အညီ လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးနိုင်ရေး သဘောထားမှတ်ချက်ဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ည) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းဖြင့် အသုံးပြုခြင်းများကို ဖြေရှင်းနိုင်ရန်နှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် မြို့ပြဒေသ/ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကိုရေးဆွဲပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဋ) မြေပြင်ကွင်းဆင်းစိစစ်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လိုအပ်သောရန်ပုံငွေများကို ကျခံသုံးစွဲနိုင်ရေးအတွက် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက်ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ရန်ပုံငွေများလျာထားသတ်မှတ်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခြင်း။

အမိန့်အရ

(ပုံ)အောင်လင်းဒွေး
အမှုဆောင်ချုပ်

စာအမှတ်၊ ၁၁၂ ( ၃ ) / ၈ / ကောင်စီရုံး(၂၀၂၅)
ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်

**ဖြန့်ဝေခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ယာယီသမ္မတရုံး
ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
နိုင်ငံတော်ဝန်ကြီးချုပ်ရုံး
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အမှုဆောင်ချုပ်ရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
လယ်ယာမြေတွင် ခွင့်ပြုမိန့်မရရှိဘဲ ကျူးလွန်ဆောင်ရွက်မှုအခြေအနေကို ခွင့်ပြုရန် သင့် မသင့် စိစစ်ခွဲခြားရန်အတွက် လုပ်ငန်းကော်မတီဝင်အားလုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း ( ၁ ) တွင် ထည့်သွင်းကြေညာပေးပါရန်။

အမိန့်အရ

၂၆၊၈၊၂၀၂၅
ခင်လတ်
ဒုတိယဝန်ကြီး
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး